မောင်းခါးကျေးရွာ

ကလေးဝမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မောင်းခါးကျေးရွာ၊ ကလေးဝမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဧပြီလ

မာတိကာ

မာတိကာ

စကားချီး

မောင်းခါးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးဝမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

၁။ နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြောင်း အစီအစဉ်ကျသော ချိတ်ဆက်မှုများ

၈။ ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၅) ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၇) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဇရိယာ
ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

၂

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၂၀) မွေးမြူရေးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ
ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား (၃၁) ကျောင်းတက်နှုန်း
ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား (၃၄) အဖြစ်များသော ရောဂါများ
ဇယား (၃၅) လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု
ဇယား (၃၈) အိမ်သာ အမျိုးအစား
ဇယား (၃၉) ကျား-မ ရေးရာ

ဇယား (၄၀)　ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား (၄၁)　ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား (၄၂)　ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား (၄၃)　သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၄၄)　လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၄၅)　ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၆)　**ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ**
ဇယား (၄၇)　ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား (၄၈)　မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ (၂)　ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ်အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မောင်းခါးကျေးရွာ ကျေးရွာသူ/သားများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါ သည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၈နိ်နဝါရီလ ၊ ၂၀၂၀ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မောင်းခါးကျေးရွာ၊ ကလေးဝမြို့နယ်

မောင်းခါးကျေးရွာ သယ်ဇာတပြမြေပုံ၊ ကလေးဝမြို့နယ်



ရည်ညွှန်း။ မောင်းခါးကျေးရွာ၊ မောင်းခါးအုပ်စု၊ ကလေးဝမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း ရေးဆွဲခြင်းမှ ရယူသည်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါ သည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့

များအတွက် အသုံးဝင်မှုများ အနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ် သည်။

၈

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက် အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုသလမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြု လာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ် တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံ ကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကလေးဝမြို့နယ်နှင့် (၁၉)မိုင်ခန့်ကွာဝေး၍ သွားလာရမလွယ်ကူပါ။ ကျေး ရွာသို့ သွားရောက်ရန် မြစ်ကြောင်းလမ်းမှလည်း အသုံးပြုကာ သွားရောက်လေ့ရှိကြပါသည်။ မြစ်ကြောင်း လမ်းဖြင့် ဂဇက်ကျေးရွာသို့ ရောက်ရှိပြီး ဆိုင်ကယ်ဖြင့် မောင်းခါးကျေးရွာသို့တစ်ဆင့် ခရီးဆက်ရခြင်းဖြစ် ပါသည်။ မောင်းခါးကျေးရွာသို့ မြစ်ကြောင်းလမ်းမှ သွားလာလျှင် လမ်းကြောင်း(၂)ဆင့် အသုံးပြုပြီး သွား လာရခြင်းဖြစ်ပါသည်။ ကလေးဝ-ယုဇလယ်လမ်းမှလည်း သွားလာနိုင်ပြီး အလှမ်းဝေးပါသည်။ ကုန်းလမ်း၊ ရေလမ်း (၂)မျိုးလုံး အသုံးပြုမှုရှိကြပါသည်။ ကျေးရွာ၏ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပါသည်။ လယ်ယာမြေများသည် ကျေးရွာ၏အရှေ့ဘက်နှင့် မြောက်ဘက်၊ အနောက်ဘက်များတွင်ရှိပြီး ဒေသ၏ ပျမ်းမျှအပူချိန်(၃၀°)ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် သဲနှင့်ကျောက်စရစ်များ ပေါများစွာရရှိနိုင်ပြီး လွယ်ကူစွာ အသုံးပြုနိုင်ကြပါ သည်။ ကျေးရွာတွင် လယ်ယာမြေစိုက်ပျိုးရန်အတွက် မိုးရေနှင့်ချောင်းရေကိုသာ အသုံးပြုကြရပါသည်။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် သဘာဝအရင်းအမြစ် သယံဇာတများ မထွက်ရှိပါ။ ရှားပါးသော သဘာဝ တိရိစ္ဆာန်မျိုးစိတ်များလည်း မတွေ့ရှိပါ။ ကျေးရွာတွင် ဆေးဘက်ဝင်၍ အသုံးပြုနေကြသော ဝံအူ၊ မိဿ လင်၊ ဆင်တုံးမန္တယ်၊ ငရုပ်ခါး၊ မဲသင်းသာ၊ နွယ်ငန်းမြစ် စသော ဆေးဘက်ဝင်အပင်များရှိကြောင်း တွေ့ရှိ ရပါသည်။

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၇၅)အိမ်ထောင်စုရှိပါသည်။ ကျေးရွာတွင် လူဦးရေ ပေါင်း (၃၆၇)ဦးရှိပြီး ကျား (၁၈၄)ဦးနှင့် မ(၁၈၃)ဦး၊ ကျား – မ လူဦးရေ တန်းတူညီမျှမှုရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ် အများဆုံးရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ အခြား ဝင်ငွေ ရလုပ်ငန်းများမှာ ရောင်း/ဝယ်ရေးလုပ်ငန်း၊ ကားမောင်း၊ သုံးဘီးမောင်း၊ အပ်ချုပ်လုပ်ငန်း၊ ပန်းရံ၊ လက် သမားလုပ်ငန်းနှင့် အစိုးရဝန်ထမ်းအလုပ်များ လုပ်ကိုင်မှုရှိကြပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင် စုများမှာ ကျပန်းအလုပ်များလည်း လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အများဆုံး လုပ်ကိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ လက်လုပ်လက်စား ကျပန်းအလုပ်များ လုပ်ကိုင်ကြရပြီး အမျိုးသမီးဦးဆောင် သည့် အိမ်ထောင်စု(၂)စုရှိပါသည်။ ကျေးရွာတွင် ပြေလည်မှုမရှိသော အိမ်ထောင်စုများမှာ လုပ်အားခကြို ယူခြင်းနှင့် ငွေချေးယူခြင်းများအား တစ်နှစ်တွင် တစ်ကြိမ်ခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ထိခိုက်သက်ရောက်မှုရှိနိုင်သည့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအား မိသားစုစောင့်ရှောက်မှု ရှိကြောင်း တွေ့ရှိရပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာနှင့် (၁)မိုင်အကွာ အင်ဒုတ်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပြီး ကျန်းမာ ရေးစောင့်ရှောက်မှုများ ရယူရန် အင်ဒုတ်ကျေးရွာသို့ သွားရောက်ကြရပါသည်။ ကျေးရွာတွင် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သာမန်အဖျားရောဂါများမှလွဲ၍ အခြားကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ ကျေးရွာရှိ ရွာသူ/ရွာသားများနှင့် ကလေးငယ်များမှာလည်း ကျန်းမာရေးကောင်းမွန်ကြ ပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်မှုများသောကြောင့် အာဟာရပြည့်ဝမှုနှင့် ဝမ်းစာဖူလုံ မှုရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် နေထိုင်သူများသည် ရေလောင်းအိမ်သာ၊ ယင်လုံအိမ်သာများ လည်း သုံးကြပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင် မူလတန်းပညာပြီးမြောက်မှုရှိသော လူဦးရေအများဆုံးရှိပါသည်။ ကျေးရွာတွင် အတန်းပညာသင်ယူမှု မရှိခဲ့သော သက်ကြီးရွယ်အို(၃)ဦးရှိပါသည်။ ကျေးရွာရှိ မူလတန်းကျောင်းတွင် ကျား(၁၈)ဦးနှင့် မ(၁၉)ဦး၊ စုစုပေါင်း (၃၇)ဦး ပညာသင်ယူနေကြပါသည်။ ကျေးရွာစာသင်ကျောင်းတွင် အားကစားဆိုင်ရာပစ္စည်းများလည်း အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာစာသင်ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများလည်းရှိပြီး ဆရာ/ဆရာမ(၄)ဦး ရှိပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုအနည်းငယ်ရှိပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင်နေထိုင်သော အမျိုးသမီး၊ အမျိုးသားများမှာ တန်းတူညီမျှမှုရှိပြီး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ကျေးရွာတွင် အကြမ်းဖက်မှုများ၊ လူကုန်ကူးမှုများ မရှိပါ။ ကျေးရွာတွင်ရှိသော အမျိုးသမီး၊ အမျိုးသားအားလုံး ကျေးရွာ၏ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးနေသော အဖွဲ့အစည်း(၈)ဖွဲ့နှင့် ပြင်ပမှ ကျန်းမာရေးအတွက် စောင့်ရှောက်မှုများပေးခြင်း၊ ဆေးရုံဆေးခန်းများနှင့် ချိတ်ဆက်ပေးခြင်း စသော ဆောင်ရွက်မှုများ ပြုလုပ်ပေးနေသော MCC ၄က်ဖျားတိုက်ဖျက်ရေးအဖွဲ့အစည်း (၁)ဖွဲ့လည်းရှိပါသည်။ သာရေး၊ နာရေး၊ ဘာသာရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ရှိပါက အဖွဲ့အစည်း(၈)ဖွဲ့မှ ဦးဆောင်၍ ကျေး ရွာရှိ ရွာသူ/သားများအားလုံး ပူးပေါင်းဆောင်ရွက်ကြပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ မြေပဲနှင့် နေကြာတို့ စိုက်ပျိုးကြပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် မိုးရေကိုသာ အဓိကထား အသုံးပြုကြရပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အများဆုံးလုပ်ကိုင်ကြပြီး စပါးတစ်ဧကလျှင် ပျမ်းမျှ(၂၂)တင်းနှုန်း ထွက်ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စု(၃၉)စုမှ နွား(၂၀၈)ကောင်၊ အိမ်ထောင်စု(၂၀)မှ ကျွဲ(၄၂)ကောင်၊ အိမ်ထောင်စု(၅၄)စုမှ (၁၀၂)ကောင်နှင့် အိမ်ထောင်စု(၃၈)စုမှ ကြက်(၃၃၇)ကောင် မွေးမြူထားရှိကြပါသည်။ ကျေးရွာတွင် နွားကို အဓိကအများဆုံး မွေးမြူ

ထားရှိကြပါသည်။ ကျေးရွာတွင် ငါးကန်မွေးမြူရေးလုပ်ငန်းများ မရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးသုံးကိရိယာသုံးစွဲမှုနည်းပြီး ကျွဲနွှဲနွားများ အများဆုံးအသုံးပြုကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ အစိုးရဝန်ထမ်း၊ အပ်ချုပ်လုပ်ငန်း၊ ကားမောင်း၊ သုံးဘီးမောင်းလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့် လက်လုပ်လက်စား ကျပန်းအလုပ်များ လုပ်ကိုင်ကြပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်မှုအနည်းငယ် လိုအပ်လျက်ရှိပါသည်။

(င) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေအား အတိုးနှုန်း(၆၇)ပြားတိုး တစ်ဧက(၁.၅)သိန်းကျပ်နှုန်းဖြင့် ချေးယူကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းမရှိသူများသည် မိတ်ဆွေနှင့်ဆွေမျိုးများထံမှ ချေးယူနိုင်ကြပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်ရှိသော စာသင်ကျောင်းဆောင်သည် အလျား(၂၀၀')၊ အနံ(၁၅၀') ရှိပြီး နံရံကပ်(၂)ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ စာသင်ကျောင်းတွင် ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုရှိပြီး စာသင်ကျောင်းတွင် အသုံးပြုနေသော ကျောင်းအိမ်သာအခြေအနေလည်း ကောင်းမွန်မှုရှိပါသည်။ ကျောင်းအဆင့်မှာ မူလတန်းကျောင်းအဆင့်ဖြစ်ပြီး နိုင်ငံတော်အစိုးရမှ တည်ဆောက်ပေးခဲ့ပါသည်။ ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ရယူနိုင်ရန် ကျေးလက်ဆေးပေးခန်း တည်ဆောက်ရန် ရွာသူ/ရွာသားများမှ လိုလားနေကြပါသည်။ ကျေးရွာတွင် ရွာအရှေ့ဘက်ရှိ စိမ့်စမ်းမှ အိမ်တိုင်ရာရောက် ရေသွယ်ယူအသုံးပြုကြပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာရှိ လူငယ်များသည် ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုရှိကြပါသည်။ လူငယ်များသည် အပန်းဖြေအနားယူရင်း ဗဟုသုတပြည့်ဝစေရန် ရည်ရွယ်ပြီး စာကြည့်တိုက် တစ်လုံး တည်ဆောက်ပေးရန် မျှော်လင့်နေကြပါသည်။ လူငယ်များ သွားလာရန် စားသောက်ဆိုင်များလည်း မရှိကြောင်း တွေ့ရှိရပါသည်။

(ဇ) အခြေခံအဆောက်အဦး – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာ၏ ရွာလယ်လမ်းမကြီးသည် ဂျင်းလမ်းဖြစ်ပြီး ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပါသည်။ ကျေးရွာသို့ သွားရောက်ရန် မြစ်ကြောင်းလမ်းနှင့် ကုန်းကြောင်းလမ်း (၂)မျိုးလုံး သွားလာနိုင်ပြီး ဆိုင်ကယ်၊ ကားများဖြင့် သွားလာရန် လိုင်းကားများလည်းရှိကြောင်း တွေ့ရှိရပါသည်။ ကုန်းကြောင်းလမ်း အသုံးပြုရန် ဆိုင်ကယ်(၇၅)စီး၊ ကား(၄)စီး ပိုင်ဆိုင်မှုရှိကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးအသုံးပြုနိုင်ရန် ကိုယ်ထူကိုယ်ထဆောင်ရွက်ထားရှိကြပါသည်။ ဆိုလာမီးအသုံးပြုသူလည်း အနည်းငယ်ရှိပါသည်။ ဆက်သွယ်ရေးအသုံးပြုရန် ဖုန်း(၁၂၆)လုံးရှိပြီး MPT ဖုန်းလိုင်းကောင်းမွန်မှုရှိပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ရပ်ရွာ တည်ငြိမ်အေးချမ်းရေးအတွက် ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ ဆောင်ရွက်မှုရှိပါသည်။ ကျေးရွာတွင် မှုခင်းဖြစ်ပွားခြင်းများလည်း မကြုံတွေ့ရပါ။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာတွင် တယ်လီဖုန်းလိုင်း ဆက်သွယ်ရေးကောင်းမွန်ပြီး အင်တာနက်လိုင်းလည်း ချိတ်ဆက်အသုံးပြုနိုင်မှုရှိပါသည်။ ကျေးရွာသို့ သွားလာရန် လိုင်းကားများလည်းရှိပြီး လမ်းကြောင်း(၂)မျိုး ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြ၍

လယ်ယာစိုက်ပျိုးမြေဧက(၄၄၇.၅)ဧက ရှိပါသည်။ အလုပ် လုပ်သည့်လူငယ်များ အများဆုံးရှိခြင်းကြောင့် ကျေးရွာတွင် ဝင်ငွေရသောလုပ်ငန်းများ လုပ်ကိုင်နိုင်ပါ သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားဝင်ငွေရသောလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လိုအပ်ပါသည်။ စိုက်ပျိုးရေးသုံး စက်ကိရိယာများ သုံးစွဲနိုင်မှုနည်းပါသည်။ ကျေးရွာရှိ အလယ်တန်း ကျောင်းသားများသည် အင်ဒုတ်နှင့် ဆည်ကြီးကျေးရွာများသို့ သွားရောက်ပညာသင်ယူကြရပါသည်။ လူမှုဖွံ့ဖြိုးရေးနှင့် အစည်းအဝေးပြုလုပ်ရန်နေရာ ခက်ခဲမှုရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုများ ရယူရန် အင်ဒုတ်ကျေးရွာသို့ သွားရောက်ကြရပါသည်။ လူငယ်များ ဗဟုသုတပြည့်ဝမှုလိုအပ်ခြင်းနှင့် ကျေးရွာတွင်း လမ်းများ မိုးတွင်းကာလတွင် သွားလာရခက်ခဲခြင်းများ ရှိပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ် တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည် -

(၁) လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နေရာအဆောက်အဦးရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရမည်။

(၂) စာကြည့်တိုက်နှင့် စာအုပ်စာပေများ လက်လှမ်းမီအောင် ဆောင်ရွက်ခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးတက်လာစေရမည်။

(၃) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရရှိအောင် ဖန်တီးခြင်းဖြင့် စီးပွားရေးတိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

(၁) ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများညှိနှိုင်း၍ ကျယ်ဝန်းသော အဆောက်အဦး ဆောက်လုပ်ကာ ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်။

(၂) ကျေးရွာတွင် ဗဟုသုတစာအုပ်များ ရရှိအောင် စုဆောင်း၍ စာကြည့်တိုက် ဆောက်လုပ်ခြင်းဖြင့် အသိပညာများ တိုးပွားလာအောင် ဆောင်ရွက်သွားမည်

(၃) အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများရွေးချယ်၍ ဝင်ငွေရလုပ်ငန်းများ ထူထောင်နိုင်ရန် ဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

၈။ ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ	လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ခန်းမဆောင် ဆောက်လုပ်ခြင်း	၇၀	၁	ခန်းမဆောင် ဆောက်လုပ်ခြင်း	ကျေးလက်ဦးစီး
ကျေးရွာအဆောက်အအုံ	ကျန်းမာရေးစောင့်ရှောက်မှုများ ကျေးရွာတွင် ရယူနိုင်ခြင်း	၆၃	၂	ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ခြင်း	-
လူငယ်နှင့်ယဉ်ကျေးမှု	လူငယ်များ ဗဟုသုတရရှိရန် ဆောင်ရွက်ခြင်း	၅၆	၃	စာကြည့်တိုက်ဆောက်လုပ်ခြင်း	-
။	အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း	၄၉	၄	အသက်မွေးဝမ်းကျောင်း စက်ချုပ်သင်တန်း ဖွင့်လှစ်ပေးခြင်း	-
ကျေးရွာအဆောက်အအုံ	ရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်း	၃၅	၅	ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	-

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေးအခြေအနေ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၃	၁၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၉	၁၁	၂၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၈	၁၅	၃၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၈	၁၄	၂၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၄	၁၂၄	၂၅၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၈	၁၆	၂၄
စုစုပေါင်း		**၁၈၄**	**၁၈၃**	**၃၆၇**
စုစုပေါင်း အိမ်ထောင်စု – ၇၅		**ပျမ်းမျှလူဦးရေ –**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျား(၁၈၄)ဦး၊ မ(၁၈၃)ဦးနှင့် စုစုပေါင်းအိမ်ထောင်စု(၇၅) အိမ်ထောင်စု ရှိပါသည်။

ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၅၀			မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း	၇			မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန်မွေးမြူရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				

	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦး)ရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓါတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၃	-		မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း		-		မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၁			မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း	၁			မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ – လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၃			မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐

၁၂	**ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦး)ရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း	၃			မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ကျပန်း/	၅			

	ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	**၇၅**			☒

ရင်းမြစ် ....(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း အများဆုံးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများမှသာ ဝင်ငွေရရှိနိုင်ပါသည်။

ဇယား(၃) လုပ်ငန်းနှင့်ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၀၀၀	၃၀၀၀		
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀		၅၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း	နေ့စား				

	ပေးသူ စသည်					
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်။ (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး နေ့စားလုပ်အားခနှုန်းထားမှာ ကျား (၄၀၀၀/-)ကျပ်မှ မ(၃၀၀၀/-)ကျပ်ထိ ရရှိကြပါသည်။

၂၀

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ(ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၅၉	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၅၃	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁.၅	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၅	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၁၀၃	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၂၆	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၄၄၇.၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု (၄၄၇.၅)ဧကာ ရှိပါသည်။

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐နည်း ☐ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☑ သင့်☐နည်း ☐မရှိ ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ☐သင့်☑နည်း☐ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐သင့်☐နည်း☑ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဲနှင့်ကျောက်စရစ်များ ပေါများစွာ ရရှိနိုင်ပါသည်။

၂၁

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၇ ဧကမှ ၁၀ ဧကထိ	၅ ဧကမှ ၆ ဧကထိ	၁ ဧကမှ ၄ ဧကထိ	လယ်ပိုင်မရှိ
အိမ်အခြေအနေ	နံရံကပ်(၂)ထပ်	ပျဉ်ထောင်(၂)ထပ်	ပျဉ်ထောင်သွပ်မိုး	ကပ်ကာသွပ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်၊ သုံးဘီး၊ ဆိုင်ကယ်	TV ၊ ဆိုင်ကယ်၊ နွား၊ ကျွဲ	TV ၊ ဝက်၊ နွား	ကြက်၊ ဝက်
အဓိကစီးပွားရေးလုပ်ငန်း	တောင်သူကြီး၊ ရောင်းဝယ်ရေး	ဝန်ထမ်း၊ တောင်သူ	ဝန်ထမ်း၊ ဈေးရောင်း	ကျပန်း
အိမ်ထောင်စု	၁၅	၂၅	၂၅	၁၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ ကျပန်းအလုပ်များ လုပ်ကိုင်ကြပါသည်။

ဇယား(၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လ အောက် ဝမ်းစာဖူလုံမှု	-	အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆လကြား ဝမ်းစာဖူလုံမှု	-	အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

၂၂

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၆လမှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၁၅	အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၀ လုပ်အားခကြိုယူ = ၅

ရင်းမြစ် ... ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုများမှာ ချေးငွေယူခြင်းနှင့် လုပ်အားခကြိုယူခြင်းများရှိကြောင်း တွေ့ရှိရပါသည်။

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖြစ်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃		
ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျပန်းအလုပ်များလုပ်ကိုင်ပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၃)စုရှိကြောင်း တွေ့ရှိရပါသည်။

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

၂၃

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	၄က်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးရာသီတွင် ချောင်းရေများပြီး ရွာတွင်းသို့ ချောင်းရေများ ဝင်ရောက်လာတတ်ပြီး ထိခိုက်သက်ရောက်လွယ်မှုနိမ့်ပါသည်။

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင် သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ နိမ့်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ အဖွဲ့	၁☐ ၂✔ ၃☐	၃	-	၃	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ✔ ညံ့ ☐
၂	အမျိုးသမီး အဖွဲ့	၁☐ ၂✔ ၃☐	-	၉	၉	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ✔ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၃	မီးသတ်အဖွဲ့	၁☐ ၂ ✔ ၃☐	၁၅	-	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း☐ သင့် ✔ ညံ့ ☐
၄	ကျောင်းကော်မတီအဖွဲ့	၁☐ ၂ ✔ ၃☐	၁၅	-	၁၅	ပညာရေး ✔ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ✔ ညံ့ ☐
၅	ရေကော်မတီအဖွဲ့	၁☐ ၂ ✔ ၃☐	၉	-	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✔ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ✔ ညံ့ ☐
၆	လူမှုရေးအဖွဲ့	၁☐ ၂ ✔ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ✔ ညံ့ ☐
၇	ဓမ္မစကူးလ်အဖွဲ့	၁☐ ၂☐ ၃ ✔	၁	၅	၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း☐ သင့် ✔ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၈	မီးလင်းရေးကော်မတီအဖွဲ့	၁☐ ၂ ✔ ၃☐	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ✔ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဘာသာရေးအဖွဲ့(၁)ဖွဲ့နှင့် လူမှုရေးအဖွဲ့(၇)ဖွဲ့တို့ ရှိပြီး အဖွဲ့ဝင်ဦးရေ အသင့်အတင့်ရှိပါသည်။

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)
